# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

**e-NEWSLETTER**

VOL.4, N0.6

JUNE 2025


## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဌာနတွင်းလူ့အခွင့်အရေး အသိပညာပေး သင်တန်း ဖွင့်လှစ်





မေလ ၁၄ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်လျက်ရှိသကဲ့သို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးချုပ်နှင့် ရုံးခွဲများမှ အသစ်ခန့်အပ်သော ကော်မရှင်ရုံး ဝန်ထမ်းများအတွက် ဌာနတွင်းလူ့အခွင့်အရေး အသိပညာပေး သင်တန်းဖွင့်ပွဲ အခမ်း အနားကို ၁၄-၅-၂၀၂၅ ရက်နေ့၊ ၁၃:၀၀ နာရီအချိန်တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ Conference Room ၌ ကျင်းပခဲ့ရာ အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင် အဖွဲ့ဝင်များ၊ ခေတ္တ ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းတက်ရောက်ကြမည့် ကော်မရှင်ရုံး ဝန်ထမ်းများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က အဖွင့်အမှာစကားပြောကြားရာ၌ "မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကို ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများ ပိုမိုမြှင့်တင် ကာကွယ်စောင့်ရှောက်ရန်နှင့် နိုင်ငံတော်

စာ ၃



ကော်မရှင်မှအောင်ချမ်းသာစိုက်ပျိုးမွေးမြူရေးနှင့်အသက်မွေးမှုအတတ်သင်စခန်းအား ကြည့်ရှုစစ်ဆေးခြင်း

စာ ၃



ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကုန်ထုတ်စခန်းများ ကြည့်ရှုစစ်ဆေးခြင်း

စာ ၄



ကော်မရှင်မှ ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းအား ကြည့်ရှုစစ်ဆေးခြင်း

စာ ၆



ကော်မရှင်မှရွှေသံလွင်ဘိုးဘွားရိပ်သာအား ကြည့်ရှုစစ်ဆေးခြင်း

စာ ၇



ရန်ကုန်အဝေးသင်တက္ကသိုလ်၊ ဥပဒေပညာဌာနတွင် လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်သင်ခန်းစာများ သွားရောက်ပို့ချ

ကလက်ခံထားသည့် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ သဘောတူညီချက်များပါ လူ့အခွင့်အရေးများကို မြှင့်တင်ကာကွယ်ပေးနိုင်ရန်အတွက် ရည်ရွယ်ဖွဲ့စည်း တည်ထောင်ထားခဲ့ခြင်းဖြစ်ကြောင်း၊ ကော်မရှင်၏ အဓိကတာဝန်များတွင် လူ့အခွင့်အရေး အသိပညာပေးခြင်းသည် အရေးကြီးသော တာဝန်တစ်ရပ်ဖြစ်ကြောင်း၊ ကော်မရှင်ရုံးရှိ ဝန်ထမ်းများအနေဖြင့်လည်း ပုံမှန်ရုံးလုပ်ငန်းတာဝန်များကိုသာမက လူ့အခွင့်အရေး အခြေခံအယူအဆများ၊ အရေးပါတဲ့ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်ပါ လူ့အခွင့်အရေးများ၊ လူ့အခွင့်အရေးကော်မရှင်ရဲ့ တာဝန်နဲ့လုပ်ပိုင်ခွင့်များ စတဲ့ အကြောင်းအရာတွေကိုလည်း မဖြစ်မနေ သိရှိထားဖို့လိုအပ်ကြောင်း၊ ထိုရည်မှန်းချက်နှင့် တာဝန်များကို ဖြည့်ဆည်းဆောင်ရွက်ရန်အတွက် ယခုကဲ့သို့ ဌာနတွင်းလူ့အခွင့်အရေး အသိပညာပေးသင်တန်း ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း” စသည်ဖြင့် ပြောကြားပါသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က သင်တန်းနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို ပဏာမပြောကြားခဲ့ပါသည်။

အဆိုပါသင်တန်းကို စုစုပေါင်း သင်တန်းသားဦးရေ ၂၉ ဦးဖြင့် ၁၄-၅-၂၀၂၅ ရက်နေ့မှ ၁၆-၅-၂၀၂၅ရက်နေ့ထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းပို့ချမှုအား Hybrid Format အသုံးပြုပြီး ဆွေးနွေး ပို့ချသွားမည်ဖြစ်ကြောင်းသိရသည်။

## ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးကျင်းပခြင်း



မေလ ၇ ရက်

ကော်မရှင်၏ အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေး အမှတ်စဉ် (၅/၂၀၂၅) ကို ၇-၅-၂၀၂၅ ရက်နေ့ ၁၀:၀၀ နာရီအချိန်တွင် ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ၊ ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီက တာဝန်ပေးအပ်သည့် အလှည့်ကျ ကော်မရှင်အဖွဲ့ဝင်များဖြစ်သည့် ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်၊ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းလှိုင်ဦး၊ ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့် အထူးဖိတ်ကြားထားသည့် ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်တို့တက်ရောက်ခဲ့ကြပါသည်။

## ကော်မရှင်ဥက္ကဋ္ဌမှ ကော်မရှင်ရုံးဝန်ထမ်းအသစ်များအားတွေ့ဆုံလမ်းညွှန် အမှာစကားပြောကြားခြင်း



မေလ ၁၅ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်သည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ကော်မရှင်ရုံးတွင် အသစ်ခန့်အပ်ထားသည့် ဝန်ထမ်းများနှင့် တွေ့ဆုံမိတ်ဆက်သည့် အခမ်းအနားကို ၁၅-၅-၂၀၂၅ ရက်နေ့ ၁၂:၃၀ နာရီအချိန် ကော်မရှင်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ပါသည်။

အခမ်းအနားအစီအစဉ်အရ ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက အသစ်ခန့်အပ်ထားသည့် ဝန်ထမ်းများခန့်အပ်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ တင်ပြပါသည်။ ထို့နောက် ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က မိတ်ဆက်လမ်းညွှန် အမှာစကား ပြောကြားပါသည်။ ထို့နောက် ဝန်ထမ်းများမှ တင်ပြလိုသည့်အချက်များအား တင်ပြဆွေးနွေးစေခဲ့ပြီး တွေ့ဆုံပွဲကို ၁၃:၀၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အောင်ချမ်းသာစိုက်ပျိုးမွေးမြူရေးနှင့်အသက်မွေးမှု အတတ်သင်စခန်းအား ကြည့်ရှုစစ်ဆေးခြင်း





မေလ ၈ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်များနှင့်အညီ ၈-၅-၂၀၂၅ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ကျောက်တန်း မြို့နယ်ရှိ အောင်ချမ်းသာ စိုက်ပျိုး မွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းအား သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

အောင်ချမ်းသာစိုက်ပျိုးမွေးမြူရေးနှင့်အသက်မွေးမှုအတတ်သင်စခန်းအား ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသားများကိုအိပ်ဆောင်များတွင်တွေ့ဆုံကာအကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု အခြေအနေများ၊ ကျန်းမာရေး စောင့်ရှောက်မှုအခြေအနေ၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေရရှိစေရန်ဆောင်ရွက်ပေးနေမှုအခြေအနေ၊မိသားစုလာရောက် တွေ့ဆုံနိုင်မှု အခြေအနေ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာရရှိမှု အခြေအနေ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများရရှိမှု အခြေအနေ၊ ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှား အားကစား ဆောင်ရွက်ပေးမှုအခြေအနေ၊ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ထားရှိမှု အခြေအနေ၊ လုပ်ငန်းခွင်အတွင်း တာဝန်ပေးအပ်ရာတွင် ခွဲခြားဆက်ဆံမှု ရှိ မရှိ အခြေအနေနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ အခြေအနေစသည်တို့ကို မေးမြန်းခဲ့ပြီး သီးခြားလွတ်လပ်စွာ တွေ့ဆုံခွင့် တောင်းခံသူ အကျဉ်းသားများကိုလည်း သီးခြားတွေ့ဆုံ မေးမြန်းမှတ်တမ်းတင်ခဲ့ပါသည်။

စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းကို ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသားများ၏ အိပ်ဆောင်များ၊ဆေးခန်း၊စာကြည့်တိုက်၊စားဖိုကြီး၊ရိက္ခာဂိုထောင်၊ ရေသန့်စက် ရေထုတ်လုပ်နိုင်မှုနှင့် ရေသိုလှောင်ထားရှိမှု၊ သုံးရေကန်များနှင့် အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ မရှိ စသည်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။ ထို့အပြင် အကျဉ်းသားများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ် စာအုပ်စာပေများကိုကော်မရှင်မှလှူဒါန်းခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည် ဖြစ်ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကုန်ထုတ်စခန်းများ ကြည့်ရှုစစ်ဆေးခြင်း

မေလ ၁၅ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်နှင့်အညီ ၁၄-၅-၂၀၂၅ရက်နေ့တွင်မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်ရှိ အကျဉ်းဦးစီးဌာန၊ ထုံးဘို ကျား(၁) ကုန်ထုတ်စခန်းနှင့် ကျား (၂) ကုန်ထုတ်စခန်းများသို့လည်းကောင်း၊ ၁၅-၅-၂၀၂၅ ရက်နေ့တွင်

e-Newsletter, Vol. 4, No. 6, June 2025





ပုသိမ်ကြီးမြို့နယ်ရှိ အကျဉ်းဦးစီးဌာန၊ ထုံးဘို (မ) ကုန်ထုတ်စခန်းနှင့် ပြင်ဦးလွင်မြို့နယ်ရှိ အကျဉ်းဦးစီးဌာန၊ ၂၄ မိုင်ကုန်ထုတ်စခန်းများသို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးစဉ် သက်ဆိုင်ရာကုန်ထုတ်စခန်းတာဝန်ခံများမှ အုပ်ချုပ်ထောက်ပံ့ဆိုင်ရာ ကိစ္စများကို ရှင်းလင်းတင်ပြကြပါသည်။ ထိုသို့ တင်ပြမှုအပေါ် ကော်မရှင်အဖွဲ့ဝင်မှ မတ်လအတွင်း လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် သေဆုံးထိခိုက်ပျက်စီးမှု ရှိ မရှိ မေးမြန်းရာတွင် ကုန်ထုတ်စခန်းတာဝန်ခံများနှင့် အကျဉ်းသား၊ အကျဉ်းသူများက လူထိခိုက်သေဆုံးမှုမရှိကြောင်းနှင့် အဆောက်အဦအသေးစား ထိခိုက်ပျက်စီးမှုအနည်းငယ်သာရှိကြောင်း တင်ပြကြပါသည်။

ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသားများကို အိပ်ဆောင်ရှေ့တွင် စုစည်းတွေ့ဆုံကာ အကျဉ်းသား၊ အကျဉ်းသူတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု အခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေ၊ သန့်ရှင်းသော သောက်ရေနှင့်သုံးရေ ရရှိစေရန် ဆောင်ရွက်ပေးနေမှု အခြေအနေ၊ မိသားစုလာရောက် တွေ့ဆုံနိုင်မှု အခြေအနေ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာရရှိမှုအခြေအနေ၊ ရသင့်ရထိုက်သော အသုံးအဆောင် ပစ္စည်းများရရှိမှု အခြေအနေ၊ ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှားအားကစားဆောင်ရွက်ပေးမှု အခြေအနေ၊ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ထားရှိမှု အခြေအနေ၊ လုပ်ငန်းခွင် အတွင်း တာဝန်ပေးအပ်ရာတွင် ခွဲခြားဆက်ဆံမှု ရှိ မရှိ အခြေအနေနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ အခြေအနေစသည်တို့ကို မေးမြန်းခဲ့ပြီး သီးခြားလွတ်လပ်စွာ တွေ့ဆုံခွင့် တောင်းခံသူ အကျဉ်းသား (၁၃) ဦးကိုလည်း သီးခြားတွေ့ဆုံ မေးမြန်းမှတ်တမ်းတင်ခဲ့ပါသည်။

ကော်မရှင်ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် အကျဉ်းဦးစီးဌာန၊ ကုန်ထုတ်စခန်းများသို့ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/ အကျဉ်းသူများ၏ အိပ်ဆောင်များ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ထမင်းစားဆောင်၊ ရိက္ခာဂိုထောင်၊ ရေသန့်စက်၊ သုံးရေကန်များ၊ အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ မရှိ စသည်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး အကျဉ်းသားများ လေ့လာဖတ်ရှု နိုင်ရန်အတွက် ဗဟုသုတရဖွယ် စာအုပ်စာစောင်များကို ကော်မရှင်မှ လှူဒါန်းခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းအား ကြည့်ရှုစစ်ဆေးခြင်း



မေလ ၂၀ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးသန်းဝင်းတို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀-၅-၂၀၂၅ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ ကော့မှူးမြို့နယ်ရှိ ငှက်အော်စမ်းလူငယ်သင်တန်း

အား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းအား ကြည့်ရှုစစ်ဆေးစဉ် သင်တန်းကျောင်းအတွင်းရှိ လက်ခံစောင့်ရှောက် သင်ကြားပေးလျက်ရှိသော လူငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေ၊ အစားအစာ ကျွေးမွေးမှုအခြေအနေ၊ သန့်ရှင်းသော သောက်သုံးရေ ရရှိအောင် ဆောင်ရွက်ပေးနေမှု အခြေအနေများ၊ အိပ်ဆောင်များ ထားရှိမှုအခြေအနေ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိမှု အခြေအနေ၊ လူငယ်များအား စာရိတ္တပြုပြင်၍ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာစေရန် လေ့ကျင့်ပြုစုပေးခြင်းဖြင့် လူမှုပတ်ဝန်းကျင်တွင် ပြန်လည်ဝင်ဆံ့နိုင်အောင် ပြုစုပျိုးထောင်ပေးမှု အခြေအနေများနှင့် ပညာသင်ကြားခွင့်၊ အသက်မွေးဝမ်းကျောင်းပညာသင်ကြားခွင့်၊ မိသားစုနှင့် ဆက်သွယ်ခွင့်၊ မိသားစုနှင့် ပြန်လည်ပေါင်းစည်းခွင့်နှင့် လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့် စသည့် အခြေခံလူ့အခွင့်အရေးများ ရရှိအောင် ဆောင်ရွက်ပေးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။ ထို့အပြင် လူငယ်များ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ် စာအုပ်စာပေများကို ကော်မရှင်မှ လှူဒါန်းခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည် ဖြစ်ပါသည်။



## Learning Management System (LMS) ရေးဆွဲထားမှုနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ထည့်သွင်း ရေးဆွဲနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပခြင်း



မေလ ၂၂ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် လူ့အခွင့်အရေးပညာပေးရေးနှင့် အသိပညာမြှင့်တင်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် Learning Management System (LMS) ရေးဆွဲထားမှုနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ထည့်သွင်းရေးဆွဲနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ၂၂-၅-၂၀၂၅ ရက်နေ့များ၏ နေ့လယ် ၁၃:၃၀ နာရီအချိန် ကော်မရှင်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။ အစည်းအဝေးတွင် ကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာသန်းမြင့်နှင့် ဦးတင်ကိုကို လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးဌာနမှ တာဝန်ရှိသူများ၊ e-Government ဌာနမှ တာဝန်ရှိသူများနှင့် Code X ကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်မှ LMS ရေးဆွဲထားခြင်းနှင့် စပ်လျဉ်း၍ Admin အပိုင်းတွင် သင်တန်းများ ဖွင့်လှစ်နိုင်ရန်အတွက် လိုအပ်သော data များ ထည့်သွင်းနိုင်ရေး ကိစ္စများ၊ လုံခြုံမှုနှင့် အချက်အလက် စီမံခန့်ခွဲမှုများကို ဆောင်ရွက်နိုင်ရန်နှင့် User အပိုင်းတွင် သင်တန်းသားများအနေဖြင့် သင်ခန်းစာများ ဝင်ရောက်လေ့လာရာတွင် အဆင်ပြေစွာ လေ့လာနိုင်ရန်နှင့် သင်တန်းတက်ရောက်သူများအနေဖြင့် Pre test နှင့် Post test တို့တွင် ဖြေဆိုရန်အတွက် ဆောင်ရွက်ရမည့် အပိုင်းနှင့် သင်တန်းပြီးမြောက်ပါ ဆောင်ရွက်ပေးရမည့် အပိုင်းများတွင် Data များ ထည့်သွင်း ဆောင်ရွက်ရန် လိုအပ်သည်များ မှာကြားခဲ့ပါသည်။ ထို့နောက် တာဝန်ရှိသူများက LMS ရေးဆွဲထားမှုအပေါ် လိုအပ်ချက်များ အကြံပြုဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို ၁၆:၀၀ နာရီ အချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် စာရင်းစစ်တွေ့ရှိချက် အစီရင်ခံစာဆိုင်ရာ အစည်းအဝေးကျင်းပ ပြုလုပ်ခြင်း

မေလ ၂၂ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် စာရင်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာဆိုင်ရာ အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ မေလ ၂၂ ရက်နေ့၊ ၁၄:၀၀ နာရီအချိန် Conference Room တွင် ကျင်းပရာ ဦးစွာ ကော်မရှင် အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးကျော်မြင့်က အဖွင့်အမှာစကားပြောကြားပါသည်။ ထို့နောက် စီမံရေးရာနှင့် ဘဏ္ဍာရေးဌာနတာဝန်ခံ ညွှန်ကြားရေးမှူး ဦးရဲနောင်လွင်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်ဆေးတွေ့ရှိချက်များကို ရှင်းလင်းတင်ပြပါသည်။ တက်ရောက်လာကြသည့် ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့် ဌာနတာဝန်ခံ ညွှန်ကြားရေးမှူးများက စာရင်းစစ်ဆေးတွေ့ရှိချက်များအပေါ် ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်က နိဂုံးချုပ် အမှာစကား ပြောကြားကာ အစည်းအဝေးကို ၁၆:၀၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။



## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ရွှေသံလွင်ဘိုးဘွားရိပ်သာအား ကြည့်ရှုစစ်ဆေးခြင်း





မေလ ၂၂ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုး၊ ဒေါက်တာသန်းမြင့်နှင့် ဒေါက်တာမြင့်သူမြိုင်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင် ဥပဒေပုဒ်မ ၂၂ (င)၊ ၄၃ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၂-၅-၂၀၂၅ ရက်နေ့တွင် လူမှုဝန်ထမ်းဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်ရှိ ရွှေသံလွင်ဘိုးဘွားရိပ်သာအား သွားရောက်၍ ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ရွှေသံလွင်ဘိုးဘွားရိပ်သာ၌ လက်ခံစောင့်ရှောက်ပေးလျက်ရှိသော ဘိုးဘွားများအား အိပ်ဆောင်များတွင် သွားရောက်တွေ့ဆုံပြီး ကျန်းမာရေး စောင့်ရှောက်ပေးနေမှု အခြေအနေ၊ အစားအစာနှင့် အာဟာရ ဖြည့်ဆည်းကျွေးမွေးမှု အခြေအနေ၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေ ရရှိစေရန် ဆောင်ရွက်ပေးနေမှုအခြေအနေ၊လွတ်လပ်စွာယုံကြည်ကိုးကွယ်နိုင်မှုအခြေအနေ၊ ဘိုးဘွားအိပ်ဆောင်များ၊ ရေချိုးခန်း၊ သန့်စင်ခန်း၊ စားဖိုဆောင်များ၊ ကျန်းမာရေးနှင့် ညီညွတ်အောင် ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ဘိုးဘွားများ အနားယူ အပန်းဖြေရန် စီစဉ်ဆောင်ရွက်ပေးထားမှုအခြေအနေ၊ ပင်စင်ရ အဘိုး၊ အဘွားများအနေဖြင့် ပင်စင် လစာ ထုတ်ယူမှု အဆင်ပြေခြင်း ရှိ/ မရှိ အခြေအနေနှင့် အသက် (၈၅) နှစ် ပြည့်ပြီးသော သက်ကြီး အဘိုး၊ အဘွားများအား လူမှုရေးပင်စင် ထောက်ပံ့ကြေးရရှိရေး ဆောင်ရွက်ပေးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။


ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ရိပ်သာ၌ လက်ခံစောင့်ရှောက်ထားသော အဘိုးအဘွား စုစုပေါင်း (၈၀) ဦးအား နွေးထွေးပျူငှာစွာ အားပေးစကားများ ပြောကြားခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ခရီးစဉ်အတွင်း

စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ပါသည်။

## ရန်ကုန်အဝေးသင်တက္ကသိုလ်၊ ဥပဒေပညာဌာနတွင် လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ် သင်ခန်းစာများသွားရောက်ပို့ချ





မေလ ၂၃ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့်ကာကွယ်စောင့်ရှောက်ရေးတို့ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် လုပ်ငန်းများ အစဉ်တစိုက်ဆောင်ရွက်လျက်ရှိပါသည်။ကော်မရှင်သည် လုပ်ငန်းလမ်းညွှန်အဖြစ် ရေးဆွဲထားသော ရှေ့လုပ်ငန်းစဉ်မူဘောင်ပါပန်းတိုင်၊ ရည်မှန်းချက်များနှင့်အညီ နှစ်အလိုက် လုပ်ငန်းစီမံချက်ကိုရေးဆွဲ၍ လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်သည် ရန်ကုန် အဝေးသင်တက္ကသိုလ်၊ ဥပဒေပညာဌာနတွင် ဖွင့်လှစ်လျက်ရှိသည့် နိုင်ငံတစ်ဝှမ်းရှိ ဥပဒေပညာဌာနများမှ ဆရာ/ ဆရာမများ ဘာသာရပ်မွမ်းမံသင်တန်းသို့ ၂၃-၅-၂၀၂၅ ရက်နေ့၊ ၁၀:၃၀ နာရီအချိန်မှ ၁၃:၀၀ နာရီအချိန်ထိ လူ့အခွင့်အရေး ဥပဒေဆိုင်ရာ သိကောင်းစရာများအား Hybrid System ဖြင့် သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်က အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်နှင့် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥပဒေအကြောင်း ဘာသာရပ် သင်ခန်းစာများ ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် နိုင်ငံတစ်ဝှမ်းရှိ တက္ကသိုလ်များ၏ ဥပဒေပညာဌာနများမှ ဆရာ/ဆရာမ စုစုပေါင်း ၂၀၀ ဦး တက်ရောက်ခဲ့ကြပြီး သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်က ပြန်လည်ဖြေကြားခဲ့ပါသည်။

SUSTAINABLE DEVELOPMENT GOALS




စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ

**Goal (8) Decent Work and Economic Growth**

ပန်းတိုင် (၇) စဉ်ဆက်မပြတ်ဖြစ်ထွန်းပြီးအားလုံးအကျုံးဝင်ဝင်သော ရေရှည် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး၊ လုပ်သားပြည့် အလုပ်အကိုင် ရရှိရေးနှင့် အားလုံးအတွက်ထုတ်လုပ်နိုင်စွမ်းရှိ၍သင့်တင့်လျောက်ပတ်သော အလုပ်အကိုင် ရရှိစေရေး။

## ကော်မရှင်ပုံမှန်အစည်းအဝေးကျင်းပခြင်း



မေလ ၂၈ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ပုံမှန်အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၅) ကို ၂၈-၅-၂၀၂၅ ရက်နေ့တွင် Conference Room ၌ ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင် အဖွဲ့ဝင်များ၊ အတွင်းရေးမှူး ဒေါက်တာခိုင်ခိုင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဘာသာရပ်တာဝန်ခံ ကော်မရှင်အဖွဲ့ဝင်များနှင့် ဌာနတာဝန်ခံ၊ ညွှန်ကြားရေးမှူးများက တင်ပြဆွေးနွေးခဲ့ကြပါသည်။

## ကော်မရှင်ရုံးမီးဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လျှပ်စစ်မီးများလေလွင့်မှုမရှိစေရေး ကော်မရှင်ရုံးတွင်း လိုက်လံကြည့်ရှုစစ်ဆေးခြင်း

မေလ ၂၃ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းသည် ၂၃-၅-၂၀၂၅ ရက်နေ့ ၁၀:၀၀ နာရီအချိန်၊ လုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များနှင့်အတူ ကော်မရှင်ရုံးတွင်း မီးဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လျှပ်စစ်မီးအသုံးပြုမှုများ လေလွင့်မှုမရှိစေရေး၊ ကော်မရှင်ရုံးအတွင်း အဆောက်အဦများ သက်တမ်းကြာရှည်စွာ အသုံးပြုနိုင်ရေးအတွက် အမျိုးသားအဆောင်၊ အမျိုးသမီးအဆောင်၊ စားချက်ဆောင်များ၊ အဆောက်အဦအမှတ်(၂)၊ (၂) ထပ်ဆောင်နှင့် ဌာန(၆) ခုတို့ကို အသေးစိတ် လိုက်လံစစ်ဆေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပါသည်။



## တိုင်တန်းချက်များစိစစ်ဆောင်ရွက်ခြင်း

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနသည် ၂၀၂၅ ခုနှစ်၊ မေလအတွင်း တိုင်တန်းချက် (၂၀) စောင် စိစစ်ဆောင်ရွက်ခဲ့ပါသည်။ တိုင်တန်းချက်များကို ကော်မရှင်စုံစမ်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေး (၄) ကြိမ် ကျင်းပပြုလုပ်၍ စိစစ်ခဲ့ရာ တိုင်တန်းချက် (၅) စောင်ကို သက်ဆိုင်ရာ ဝန်ကြီးဌာနသို့လည်းကောင်း၊ တိုင်တန်းချက် (၂) စောင်ကို ကာယကံရှင်ထံသို့ အကြံပြုပြန်ကြားခဲ့ပြီး တိုင်တန်းချက် (၁၃) စောင်ကို ကော်မရှင် ဥပဒေပုဒ်မ ၃၂ (ခ) အရလည်းကောင်း၊ ကော်မရှင် ဥပဒေပုဒ်မ ၃၂ (ဂ) အရလည်းကောင်း၊ ကော်မရှင် ဥပဒေပုဒ်မ ၃၇ (က) အရလည်းကောင်း၊ ကော်မရှင်ဥပဒေပုဒ်မ ၃၇ (ခ) အရလည်းကောင်း၊ ယခင်ဆောင်ရွက်ပြီးဖြစ်ခြင်းကြောင့်လည်းကောင်း၊ တိုင်စာအင်္ဂါရပ်နှင့် မညီညွတ်၍လည်းကောင်း မှတ်တမ်းထားရှိခဲ့ပါသည်။

## ကော်မရှင်ရုံးခေတ္တညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆန္ဒဖော်ထုတ်ပွဲ ကျင်းပပြုလုပ်ခြင်း




မေလ ၂၈ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆန္ဒဖော်ထုတ်ပွဲ အမှတ်စဉ် (၅/၂၀၂၅) အခမ်းအနားကို ၂၀၂၅ ခုနှစ်၊ မေလ ၃၀ ရက်နေ့ ၁၃:၀၀ နာရီအချိန် ကော်မရှင်ရုံး Conference Room တွင် ကျင်းပပြုလုပ်ရာ ဦးစွာ ကော်မရှင်ရုံး ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက အဖွင့်အမှာစကား ပြောကြားပါသည်။

အစီအစဉ်အရ ကော်မရှင်ရုံး ဌာနတစ်ခုချင်းနှင့် ကော်မရှင်ရုံးခွဲများဖြစ်သော နေပြည်တော်၊ မန္တလေး နှင့် ပုသိမ်တို့ရှိ အရာထမ်း/ အမှုထမ်းများက ယင်းတို့၏ လိုအပ်ချက်များကို တင်ပြ ဆွေးနွေးခဲ့ကြပြီး ခေတ္တညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ဆွေးနွေးခဲ့ပါသည်။

ဝန်ထမ်းများတွေ့ဆုံဆန္ဒဖော်ထုတ်ခြင်း အခမ်းအနားသို့ ကော်မရှင်ရုံး အရာထမ်း/ အမှုထမ်း ၉၀ ဦး တက်ရောက်ခဲ့ကြပြီး အခမ်းအနားကို ၁၄:၁၅ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှု အတတ်ပညာသင်ကျောင်း (တောင်ငူ) ၌ သင်ခန်းစာ သွားရောက်ပို့ချ

မေလ ၃၀ ရက်


မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေး အသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်သည် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှုအတတ်ပညာသင်ကျောင်း (တောင်ငူ) ၌ ဖွင့်လှစ်လျက်ရှိသော လက်ထောက်ညွှန်ကြားရေးမှူး လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း အမှတ်စဉ် (၁) သို့ ၃၀-၅-၂၀၂၅ ရက်နေ့တွင် ၀၈:၀၀ နာရီမှ ၀၉:၅၀ နာရီအချိန်ထိ လူ့အခွင့်အရေးစံတန်ဖိုးများ ဘာသာရပ်သင်ခန်းစာ ပို့ချခဲ့ပါသည်။ သင်တန်းတွင် သင်တန်းသား ၈ ဦး၊ သင်တန်းသူ ၂ ဦး စုစုပေါင်း ၁၀ ဦး တက်ရောက်ခဲ့ကြပြီး သိရှိလိုသည့် မေးခွန်းများကို မေးမြန်းခဲ့ကြရာ ပို့ချသူအရာရှိက ပြန်လည် ဖြေကြားခဲ့ပါသည်။

## Online Regional Course on Torture Prevention သင်တန်းသို့ တက်ရောက်ခြင်း

မေလ ၉ ရက်

Asia Pacific Forum of National Human Rights Institutions (APF) နှင့် Association for the Prevention of Torture (APT) တို့ ပူးတွဲ၍ ၇-၄-၂၀၂၅ ရက်နေ့မှ ၉-၅-၂၀၂၅ ရက်နေ့အထိ Online Platform ဖြင့် ကျင်းပပြုလုပ်ခဲ့သည့် “Online Regional Course on Torture Prevention” သင်တန်းသို့ ဥပဒေရေးရာဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး၊ ဒေါ်အေးစန္ဒာမြင့် တက်ရောက်ခဲ့ပါသည်။



## ကော်မရှင်ရုံးဝန်ထမ်းများအတွက် သက်သာချောင်ချိရေး အစီအစဉ်အဖြစ်  ဆန်နှင့်ဆီများ ရောင်းချပေးခြင်း

မေလ ၂၇ ရက်

ကော်မရှင်ရုံး ဝန်ထမ်းများအတွက် သက်သာချောင်ချိရေး အစီအစဉ်အဖြစ် ၂၇-၅-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF) မှ ဆန်အိတ် ပေါ်ဆန်း (၃၂) အိတ် (၅ ပြည်ဝင် တစ်အိတ်လျှင် ၂၅၀၀၀/- ကျပ်နှုန်း)၊ ဧည့်မထ (၈၁) အိတ် (၅) ပြည်ဝင် တစ်အိတ်လျှင် ၁၃၅၀၀/- ကျပ်နှုန်း) စားအုန်းဆီတစ်ပိဿာလျှင် (၈၀၀၀/-) ကျပ်နှုန်းဖြင့် (၃၀၉) ပိဿာအား ဝယ်ယူ၍ ကော်မရှင်ရုံး ဝန်ထမ်းများအတွက် ရောင်းချပေးခဲ့ပါသည်။



## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ တစ်လအတွင်း လှုပ်ရှားဆောင်ရွက်ချက်များ

| | | |
|---|---|---|
| မေ ၇ | – | ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးကျင်းပခြင်း၊ |
| မေ ၈ | – | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အောင်ချမ်းသာစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းအား ကြည့်ရှုစစ်ဆေးခြင်း၊ |
| မေ ၉ | – | Online Regional Course on Torture Prevention သင်တန်းသို့ တက်ရောက်ခြင်း၊ |
| မေ ၁၄ | – | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်  ဌာနတွင်းလူ့အခွင့်အရေး အသိပညာပေးသင်တန်းဖွင့်လှစ်ခြင်း၊ |
| မေ ၁၅ | – | ကော်မရှင် ဥက္ကဋ္ဌမှ ကော်မရှင်ရုံး ဝန်ထမ်းအသစ်များအား တွေ့ဆုံလမ်းညွှန် အမှာစကားပြောကြားခြင်း၊ |
| မေ ၁၅ | – | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကုန်ထုတ်စခန်းများ ကြည့်ရှုစစ်ဆေးခြင်း၊ |
| မေ ၂၀ | – | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ၄က်အော်စမ်းလူငယ်သင်တန်းကျောင်းအား ကြည့်ရှုစစ်ဆေးခြင်း၊ |
| မေ ၂၂ | – | Learning Management System (LMS) ရေးဆွဲထားမှုနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ထည့်သွင်းရေးဆွဲနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပခြင်း၊ |
| မေ ၂၂ | – | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ရွှေသံလွင်ဘိုးဘွားရိပ်သာအား ကြည့်ရှုစစ်ဆေးခြင်း၊ |
| မေ ၂၃ | – | ရန်ကုန်အဝေးသင်တက္ကသိုလ်၊ ဥပဒေပညာဌာနတွင် လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်သင်ခန်းစာများ သွားရောက်ပို့ချခြင်း၊ |
| မေ ၂၃ | – | ကော်မရှင်ရုံးမီးဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လျှပ်စစ်မီးများ လေလွင့်မှုမရှိစေရေး ကော်မရှင်ရုံးတွင်း လိုက်လံကြည့်ရှုစစ်ဆေးခြင်း၊ |
| မေ ၂၇ | – | ကော်မရှင်ရုံးဝန်ထမ်းများအတွက် သက်သာချောင်ချိရေး အစီအစဉ်အဖြစ် ဆန်နှင့်ဆီများ ရောင်းချပေးခြင်း၊ |
| မေ ၂၈ | – | ကော်မရှင်ပုံမှန်အစည်းအဝေးကျင်းပခြင်း၊ |
| မေ ၃၀ | – | ကော်မရှင်ရုံးခေတ္တညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆန္ဒဖော်ထုတ်ပွဲ ကျင်းပပြုလုပ်ခြင်း၊ |
| မေ ၃၀ | – | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှု အတတ်ပညာသင်ကျောင်း (တောင်ငူ) ၌ သင်ခန်းစာ သွားရောက်ပို့ချခြင်း။ |

********

# ENGLISH SECTION

Vol. 4, No. 6, JUNE 2025

## MNHRC Conducts Human Rights Awareness Training

May 14

In accordance with the provisions of the Commission Law, the Myanmar National Human Rights Commission, is promoting information dissemination and education activities to raise public awareness of human rights. The opening ceremony of the human rights awareness training for newly appointed commission staff from the Commission was held on 14–5–2025, at 13:00 at the Myanmar National Human Rights Commission, Conference Room. It was attended by the Commission Chairman, Commissioners, Acting Director General, Directors, Trainers, and commission staff who will attend the training.

At the ceremony, U Paw Lwin Sein, Chairman of the Myanmar National Human Rights Commission, delivered an opening remark, saying, "The Myanmar National Human Rights Commission was established with the aim of promoting and protecting the fundamental rights of citizens as enshrined in the Constitution of the Republic of the Union of Myanmar and promoting and protecting the human rights enshrined in international and regional conventions ratified by the State. One of the major responsibilities of the Commission is to raise awareness of human rights. It is essential for the staff of the Commission to be aware of not only their office duties but also the basic concepts of human rights, human rights in international treaties, and the duties and powers of the Commission. This human rights awareness training course is being held to fulfill these goals and responsibilities."

Then, Dr. Than Myint, Commissioner of the Myanmar National Human Rights Commission, gave a preliminary presentation on the topics related to the training.

The training will be proceeded from 14 to 16 May with a total of 29 trainees, including the staff from branch offices of the commission. The training will deliver lessons by using a hybrid format both in person and online platform.

## The Myanmar National Human Rights Commission inspects Aung Chan Thar Labour Camp

May 8

On 8 May 2025, the inspection team, led by U Tin Aung, Member of the Myanmar National Human Rights Commission (MNHRC) conducted an inspection of Aung Chan Thar Labour Camp in Kyauktan Township, Thanlyin District, Yangon Region, in accordance with Sections 43 and 44 of the Commission Law.

Inspection team conducted a visit to Aung Chan Thar Labour Camp to assess whether prisoners were afforded their fundamental rights, including an appropriate food supply, access to healthcare, and provision of sufficient purified water. The team inquired whether the prisoners had received items issued by the prison and items sent by their families, and whether they were permitted, family visits. Additionally, the team evaluated the conditions of physical activities, workplace

environments, safety measures, and investigated any instances of workplace discrimination, and torture. Prisoners who wished to report concerns were also interviewed privately by the inspection team.

Furthermore, the inspection team examined the dormitories, clinic, library, kitchen, food storage, purified drinking water machine, water storage system and water sanitation system of the labour camp. The MNHRC also donated general knowledge books for the prisoners.

MNHRC inspection team will send its findings and recommendations to the relevant department in accordance with the MNHRC law for necessary actions.

## Inspection of Labour Camps in Mandalay Region by U Kyaw Myint, Member of the Myanmar National Human Rights Commission

May 15

On 14 May 2025, a monitoring team led by U Kyaw Myint, a member of the Myanmar National Human Rights Commission, conducted an inspection of Htone Bo Male Labour Camps (1) and (2) under the Department of Prisons, in Pyin Oo Lwin Township, Mandalay Region, in accordance with Sections 43 and 44 of the Commission Law. On 15 May 2025, the inspection continued at Htone Bo (Female) Labour Camp in Pyin Oo Lwin Township and the 24-Mile Labour Camp under the Department of Prisons in Pyin Oo Lwin Township.

During the inspections, the responsible officials of each labour camp made presentation on administrative and logistical operations. In response to the Commission member's inquiry about any casualties or damages caused by the major earthquake in Mandalay in March, the officials and prisoners reported that there were no fatalities or injuries, and only minor structural damage was caused.

During the visits, the team gathered prisoners in front of their dormitories and held discussions with them. The Commission member inquired into the minimum standard entitlements for prisoners, including conditions related to accommodation and food, access to healthcare services, availability of clean drinking and utility water, visitation rights with family members, access to prison-issued supplies, provision of necessary personal items, opportunities for physical exercise to promote well-being, workplace safety measures, potential discriminatory practices in work assignments, and whether any form of abuse or ill-treatment occurred. Additionally, 13 prisoners who requested private interviews were met separately, and their statements were recorded.

The Commission's inspection team also inspected various facilities within the labour camps, including dormitories, clinics, libraries, kitchens, dining room, food storage, water purifier, and water sanitation system. the Commission also donated educational and informative books for the benefit of the prisoners.

The MNHRC will send recommendations to the relevant department for necessary action based on the findings during inspection.

## The Myanmar National Human Rights Commission inspects Hnetawsan Boy's Training School

May 20

The inspection team, led by U Kyaw Soe and U Than Win, Commissioners of the Myanmar National Human Rights Commission (MNHRC),

conducted an inspection visit to the Hnetawsan Boy's Training School in Kawhmu Township, Twantay District, Yangon Region on 20 May, 2025 according to Section 43 and Section 44 of MNHRC Law.

The inspection team inspected the situation of fundamental rights of the boys who are detained in the center including healthcare services, food supply, provision of purified drinking water, adequate dormitories, availability of Citizenship Scrutiny Card, Supporting programmes for physical and mental development as well as right to education, vocational trainings, communication with their families, reintegration with their families and freedom of religion. The MNHRC also donated general knowledge books for the boys.

MNHRC inspection team will send its findings and recommendations to the relevant department in accordance with the MNHRC law for necessary actions.

## The Myanmar National Human Rights Commission inspects Shwe Than Lwin Home for the Aged

May 22

The inspection team led by Commissioners U Kyaw Soe, Dr. Than Myint and Dr. Myint Thu Myaing, conducted an inspection visit to the Shwe Than Lwin Home for the Aged, located in Dagon Seikkan Township, Yangon Region on 22-5-2025, in accordance with the Section 22 (e) and Section 43 of the Commission's Law. The facility operates under the supervision of the Department of Social Welfare.

During the visit, the inspection team met with the elderly residents in their living quarters and assessed a range of conditions, including the provision of healthcare services, food and nutritional support, access to clean drinking and household water, freedom of religion and belief, and the overall hygiene and sanitation standards of dormitories, bathrooms, toilets, and kitchens. They also inquired arrangements for recreation and relaxation, the accessibility of pension payments for eligible residents, and the availability of social pension support for those aged 85 and above.

The team extended warm words of encouragement to the 80 elderly individuals residing at the facility.

The inspection team will send its findings and recommendations to the relevant department in accordance with Commission's law, for necessary action.

## MNHRC Holds Human Rights Lectures at Yangon University of Distance Education's Law Department

May 23

The Myanmar National Human Rights Commission (MNHRC) is continuously carrying out activities to effectively implement the promotion and protection of human rights, in accordance with Section 22 (a) of the Commission Law. The Commission has developed an operational plan aligned with the goals and objectives outlined in its framework of Action for Myanmar National Human Rights Commission, which serves as a guideline for its operations, and is diligently executing its tasks accordingly. Dr. Myint Thu Myaing, Commissioner of the Myanmar National Human Rights Commission, gave lectures on overview of human rights law during the "Subject Refresher Course for the Teaching Staff" from Law Departments of the Universities nationwide conducted by the

Department of Law, Yangon University of Distance Education on 23 May 2025 from 10:30 to 13:00 by using hybrid system. In this regard, the Commissioner delivered the lectures on the Convention on the Elimination of All Forms of Discrimination against Women and the Myanmar National Human Rights Commission Law. A total of 200 teaching staff attended the aforementioned course and engaged in a question and answer session with Dr. Myint Thu Myaing.

## Officers Lectured at Investigation Training School (Taungoo) of Bureau of Special Investigation

May 30

Under Section 22 (a) of the Myanmar National Human Rights Commission Law, the Commission actively promotes public awareness of human rights. As part of this initiative, Daw Mi Mi Khaing, Deputy Director of the Commission office, addressed the lectures on human rights at Training Course for the Assistant Director Capacity Building Training Course No. (1) which commenced at the Investigation Training School (Taungoo) of Bureau of Special Investigation on 30 May 2025 from 08:00 to 09:50. In this context, the Deputy Director covered the lecture on Human Rights Norms. The lecturer responded to inquiries from the trainees. A total of 10 officers including 2 female officers attended the aforementioned course.

## Attending the Online Regional Course on Torture Prevention Training

May 9

Daw Aye Sandar Myint, Assistant Director of the Legal Affairs Division, participated in the "Online Regional Course on Torture Prevention", jointly organized by the Asia Pacific Forum of National Human Rights Institutions (APF) and Association for the Prevention of Torture (APT). The course was conducted virtually from April 7 to May 9, 2025.

## Status of Handling Complaints

During May 2025, MNHRC received Complaints 19 complaints on the violations addressed to the Commission. The complaint investigation team held 4 complaint screening meetings for examining the complaints and 5 complaints were referred to the departments concerned. In 2 cases, the complainants were advised on more appropriate remedies. The 13 cases were recorded in accordance with the MNHRC Law.

*****

# ဆက်သွယ်ရန် လိပ်စာများ




အမှတ် (၂၇)၊ ဖ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၁ – ၈၆၅၄၆၇၀

Website: https://mnhrc.org.mm

**နေပြည်တော် (ရုံးခွဲ)**
သဇင်လမ်းနှင့်ဇော်ဂျီ
လမ်းထောင့်၊ ရွှေကြာပင်
ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်။
☎ ၀၆၇ – ၃၄၃၂၅၉၅

**မန္တလေး(ရုံးခွဲ)**
ကမ်းနားလမ်း၊ ၃၄ လမ်းနှင့်
၃၅ လမ်းကြား၊ ဒေးဝန်း
အနောက်ရပ်ကွက်၊ ချမ်းအေး
သာဇံမြို့နယ်၊ မန္တလေးမြို့။
☎ ၀၂ – ၄၀၃၀၄၈၅

**စစ်တွေ (ရုံးခွဲ)**
ရခိုင်ပြည်နယ် အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်
ရုံး၊ စစ်တွေမြို့။
☎ ၀၉ – ၄၂၅၈၆၀၀၀၈

**ပုသိမ် (ရုံးခွဲ)**
အမှတ် (၁၃) ရပ်ကွက်၊
မဟာစေတီလမ်းမကြီး၊
မြို့နယ်စုပေါင်းရုံး၊ ပုသိမ်မြို့။
☎ ၀၄ – ၂၂၉၃၂၇

e-Government ဌာနမှ တာဝန်ယူ ထုတ်ဝေပါသည်။
e-government@mnhrc.org.mm